## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့(၅. ၁၂. ၂၀၁၇) ရက်နေ့တွင် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေးက အဆိုတစ်ရပ် လွှတ်တော်သို့ ပေးပို့လာပါတယ်။ "ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတ ဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့် လိုင်စင်ကြေးနှုန်းထားများအား လျှော့ချပေးရန်တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ယခုအဆိုကို တင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနဲ့ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးဖြစ်ပါတယ်။ ယနေ့အစည်းအဝေးမှာ တင်သွင်းလိုတဲ့အဆိုကတော့ ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့် လိုင်စင်ကြေးနှုန်းထားများအား လျှော့ချပေးရန် တိုက်တွန်းသွားမှာဖြစ်ပါတယ်။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ တောင်ကြီးမြို့၏ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား ပိုင်ရှင်ဆန္ဒအရ သတ်မှတ်ဒဏ်ကြေးပေးဆောင်၍ စိစစ်အရေးယူခြင်း စီမံချက်၏ရည်မှန်းချက်မှာ ရှမ်းပြည်နယ်အတွင်းသို့ တရားမဝင် ရောက်ရှိနေသော မှတ်ပုံတင်မဲ့ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင်ယာဉ်အဖြစ် ဆောင်ရွက် ခြင်းအားဖြင့် ဥပဒေနှင့်အညီဖြစ်စေခြင်း၊ နိုင်ငံတော်အခွန်ငွေများရရှိစေခြင်း၊ မှတ်ပုံတင်မဲ့ယာဉ်များ လျော့နည်း ပပျောက်သွားစေခြင်းဖြစ်ကြောင်း ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ထိုရည်မှန်းချက်များမှာ အင်မတန် ကောင်းသော ရည်မှန်းချက်ဖြစ်သော်လည်း မြေပြင်အခြေအနေတွင် အကောင်အထည်ဖော်ရန် ခက်ခဲ နေကြောင်းတွေ့ရပါသည်။ ဥပမာအားဖြင့် တင်ပြရမည်ဆိုပါက ပြီးခဲ့တဲ့(၁၈-၁၀-၂၀၁၇)ရက်နေ့တွင် ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သီပေါမြို့သို့ မော်တော်ဆိုင်ကယ်လိုင်စင်များလာရောက် လုပ်ဆောင်ပေးရာတွင် ပိုင်ရှင်ဆန္ဒ အလျောက်ဟူသောစကားအရ တစ်မြို့နယ်လုံးတွင် ဆိုင်ကယ်အစီးရေ (၂၂)စီးသာ လာရောက်မှတ်ပုံတင်နိုင်ကြောင်း သိရပါတယ်။ အချို့မြို့နယ်များတွင် လိုင်စင်လာရောက်လျှောက် ထားသည့်မော်တော်ဆိုင်ကယ်များမရှိကြောင်းသိရပါတယ်။ မော်တော်ဆိုင်ကယ်မှတ်ပုံတင်မည့် ပြည်သူ များနည်းပါးရခြင်း အကြောင်းအရင်းအား ပြန်လည်စုံစမ်းမေးမြန်းကြည့်သော် မှတ်ပုံတင်ခြင်းစနစ်တွင် မော်တော်ဆိုင်ကယ်၏ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ အင်ဂျင်ပါဝါ (စီစီ)အရ ဒဏ်ကြေးသတ်မှတ် ပြီး ပေးဆောင်စေသည်ကို စိစစ်တွေ့ရှိရပါသည်။ ထိုပေးဆောင်ရသော ဒဏ်ကြေးသည်ဆိုင်ကယ်ဝယ်ယူ

သည့် တန်ဖိုး၏လေးပုံတစ်ပုံသတ်မှတ် ကောက်ခံထားသည်ကိုတွေ့ရသည်။ ဆိုင်ကယ်လိုင်စင်ပြုလုပ်ရာတွင်ဒဏ်ကြေးတန်ဖိုးအပြင် က. ည. န ရုံးအားသွင်းရငွေကျပ်(၁၀၉၀၀)၊ အာမခံကြေးကျပ်(၄၁၅၀၀)နှင့် ဘဏ်သွင်းခ ကျပ်(၇၀၀)တို့အားပေးသွင်းရသည်ကို တွေ့ရပါတယ်။ ဥပမာအားဖြင့် (၂၀၁၅/၂၀၁၆) ခုနှစ်ထုတ် MISSS အမျိုးအစား ဆိုင်ကယ်တန်ဖိုးငွေကျပ်(၄၄၀၀၀၀)ရှိသောဆိုင်ကယ်ကို အထက်ပါပေးသွင်းရမည့်ငွေများ ပေါင်းစပ်ပါက ဆိုင်ကယ်လိုင်စင်၏ တန်ဖိုးသည် ငွေကျပ်(၁၄၅၇၅၀) ကုန်ကျသည်ကိုတွေ့ရှိရတယ်။ လူထုတစ်ဦး၏အခက်အခဲ တင်ပြချက်အရ ဆိုင်ကယ်လိုင်စင် ပြုလုပ်ရာတွင် အမျိုးအစားတူ၊ အင်ဂျင်ပါဝါတူလျှင် ဆိုင်ကယ်အဟောင်း ဖြစ်စေ၊ အသစ်ဖြစ်စေ လိုင်စင်ကြေးပေးရသည့် နှုန်းတူညီနေခြင်း၊ ဆိုင်ကယ်အဟောင်း ပြန်ရောင်းရာတွင် ငွေကျပ်(၇၀၀၀၀)သာရရှိ ကြောင်းနှင့် လိုင်စင်လုပ်ပါက ငွေကျပ်(၁၅၀၀၀၀) ပေးသွင်းရခြင်းမှာ ဆိုင်ကယ်တန်ဖိုးထက် တစ်ဆများနေကြောင်း ထောက်ပြခဲ့ပါတယ်။ ထို့ပြင် ဆိုင်ကယ်လိုင်စင်သည် ရှမ်းပြည်နယ် နယ်မြေအတွင်းသာ သွားလာခွင့်ရှိသည့်အတွက် ဈေးအဆမတန်ကြီးနေသည်မှာ လူထုအတွက်ပိုမိုအခက်တွေ့စေပါတယ်။ ပြည်သူလူထုများသည် မိမိ၏လုပ်ငန်းထိရောက်တွင်ကျယ်စွာ လုပ်ဆောင်နိုင်ရန်သော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲနှင့် ဒေသထွက်ကုန်များကို ဈေးကွက်အမီပို့နိုင်ရန်သော်လည်းကောင်း၊ ကျန်းမာရေး အခက်အခဲရှိပါက ဆေးရုံဆေးခန်းသို့ လျင်မြန်စွာသွားရောက်ကုသနိုင်ရန်သော်လည်းကောင်း၊ မဖြစ်မနေဆိုင်ကယ်ဝယ်ရန်လိုအပ်နေသည့်အတွက် ချေးငှားခြင်းဖြင့်သော်လည်းကောင်း အနှစ်နှစ်အလလ စုဆောင်းပြီးမှ ဝယ်ယူထားသော ဆိုင်ကယ်ပိုင်ရှင် တောင်သူလယ်သမား ပြည်သူများအနေဖြင့် မြင့်မားများပြားလှသော လိုင်စင်ကြေးပေးဆောင်ရမည်ဆိုလျှင် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည်မှာ မလွဲပင်ဖြစ်ပါတယ်။ လက်ရှိတွင် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာလိုအပ်ချက်များကို အထိရောက်ဆုံးနှင့် စွမ်းဆောင်ရည် ရှိရှိအစိုးရက ဖြည့်ဆည်းမပေးနိုင်သေးသည့်အချိန်မှာ ပြည်သူ့လက်ဝယ်၌ရှိနေသော လူ၊ ပစ္စည်းစသည့် စွမ်းအားစုများကို အကျိုးရှိစွာ စနစ်တကျအသုံးပြုနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသင့်သည်မှန်သော်လည်း တစ်ဖက်တွင် ပြည်သူများကိုသက်ညှာဖို့လိုအပ်နေသောအချိန် ဖြစ်ပါတယ်။ ထို့ကြောင့် အကြံပြုတင်ပြလိုသည့်အချက်များမှာ-

(၁) လက်ရှိအချိန်ထိ ရှမ်းပြည်နယ်အတွင်း၌ ရောက်ရှိနေသော မော်တော်ဆိုင်ကယ်များများအား လိုင်စင်များဆောင်ရွက်ပေးရာတွင် သတ်မှတ်ပေးဆောင်ရမည့် နှုန်းထားများကို အများ ပြည်သူဝန်ထုပ်ဝန်ပိုး မဖြစ်နိုင်သောနှုန်းထားများဖြစ်သည့် ငွေကျပ်(၅၀၀၀၀) ထက်မပိုသော နှုန်းထားများဖြင့် ပြုလုပ်ပေးခြင်း။

(၂) ရှမ်းပြည်နယ်အတွင်းသို့ ထပ်မံရောက်ရှိလာမည့် မော်တော်ဆိုင်ကယ်များကိုမူ ( မူလနှုန်းထားအတိုင်း)ဆိုင်ကယ်ဝင်ပေါက်များဖြစ်ကြသော မူဆယ်နယ်စပ်၊ တာချီလိတ်နယ်စပ်တွင် ဆိုင်ကယ်များ လိုင်စင်လုပ်ပေးပြီးမှ ပြည်နယ်အတွင်း ဝင်ခွင့်ပေးခြင်း။

(၃) ရှမ်းပြည်နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်အရောင်းဆိုင်များအား မော်တော်ဆိုင်ကယ်လိုင်စင် ပြုလုပ်ပေးပြီးမှရောင်းချစေခြင်း။

စသည့်နည်းလမ်းအဆင့်ဆင့်ကို အသုံးပြုခြင်းဖြင့် မှတ်ပုံတင်မဲ့ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် မှတ်ပုံတင်စေခြင်း၏ ရည်မှန်းချက်များကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအချိန်ထိ ရှမ်းပြည်နယ်အတွင်း၌ရှိနေသော မော်တော်ဆိုင်ကယ်များအား လိုင်စင်ပြုလုပ်ပေးရာတွင် ယခင်မြင့်မားသောနှုန်းထားမှ ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသည့် နှုန်းထားဖြစ်သည့် ငွေကျပ်(၅၀၀၀၀) ထက်မပိုသောနှုန်းထား သို့မဟုတ် နှုန်းထားများအား သိသိသာသာ လျှော့ချပေးခြင်းအားဖြင့် မော်တော်ဆိုင်ကယ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရသို့ တိုက်တွန်းကြောင်း အဆို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါကဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးခင်ဗျား။ ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့် လိုင်စင်ကြေးနှုန်း ထားများအားလျှော့ချပေးရန်တိုက်တွန်းခြင်း"အဆိုအား မိုင်းယန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းလှိုင်ခမ်းမှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးမှ ထောက်ခံသွားပါတယ်။ အဆိုမှာ "ရှမ်းပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့ မော်တော် ဆိုင်ကယ်များအား ဒေသသင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာ တွင်ပေးဆောင်ရမည့် ယာဉ်မှတ်ပုံတင်ကြေးများအား လျှော့ချပေးရန် တိုက်တွန်းကြောင်း"အဆိုဖြစ်ပါတယ်။ အဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒ ရယူမှာဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလ(၆)ရက် ( ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်း ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။ ညနေ (၅)နာရီအထိ လက်ခံမှာဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့(၆. ၁၂. ၂၀၁၇) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသအမှတ် သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့် လိုင်စင်ကြေးနှုန်းထားများအား လျှော့ချပေးရန် တိုက်တွန်းကြောင်း” အဆိုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်းထားပါတယ်။

ပထမဦးစွာ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့နှုတ်ခွန်း ဆက်သပါတယ်။ကျွန်တော်ကတော့ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) ကပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသည့် “ရှမ်းပြည်နယ် အစိုးရ၏ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဒေသအမှတ် သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့် လိုင်စင်ကြေးနှုန်းထားများအား လျှော့ချပေးရန် တိုက်တွန်း ခြင်း” အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက် နေချိန်မှာ အစိုးရပြည်သူပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုကိုရရှိမှာ ဖြစ်ပါတယ်။ ယခင်က ဥပဒေ၊ စည်းကမ်းနားမလည်ခဲ့သော ပြည်သူများအား နားလည်လာအောင်ဆောင်ရွက်ရမှာက အစိုးရတာဝန်ဖြစ်ပါ တယ်။ စည်းကမ်းမရှိခဲ့ရင်လည်း စည်းကမ်းရှိလာအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှ မှတ်ပုံတင်မဲ့ ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင်ယာဉ်အဖြစ် ဆောင်ရွက်ခြင်းအားဖြင့် ဥပဒေနှင့်အညီ ဖြစ်စေခြင်း၊ နိုင်ငံတော်အခွန်ငွေများ ရရှိစေခြင်း၊ မှတ်ပုံတင်မဲ့ယာဉ်များ လျော့နည်းပပျောက်သွားစေခြင်း စသည့်ရည်ရွယ်ချက်ဖြင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ အားဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးနေတာ သိရတဲ့အတွက်ဝမ်းသာရပါတယ်။သို့သော်သတ်မှတ်လိုင်စင်ကြေးကို ကြည့်လိုက်သည့်အခါ ဒဏ်ကြေးဆိုပြီး သတ်မှတ်ဆိုင်ကယ်တန်ဖိုး၏ (၄)ပုံ(၁)ပုံရှိနေတာတွေ့ရသည့်အတွက် ပြည်သူများဝန်ထုပ်

ဝန်ပိုးဖြစ်နေမှာဖြစ်ပါတယ်။ ပြည်တွင်းအခွန်များဦးစီးဌာနက ညွှန်ကြားရေးမှူးချုပ်ပြောပြတဲ့ရလမ်း မဖော်ပြနိုင်တဲ့ ငွေကနေပြီးတော့ပစ္စည်းများဝယ်တဲ့အချိန်မှာ အစိုးရကနေအခွန်ကောက်ခံမှုတွေရှိပါတယ်။ ကောက်ခံမှုတွေရှိတဲ့အချိန်မှာသတ်မှတ်ထားတဲ့စျေးနှုန်းရာခိုင်နှုန်းအရ ဆိုရင်တစ်ကျပ်ကနေ ကျပ်သိန်းသုံးရာ အထိကို (၁၅%)ကောက်ခံ တယ်လို့မနေ့ကသိရှိခဲ့ရပါတယ်။ သိန်းသုံးရာတစ်ကျပ်ကနေ၊ ကျပ်သိန်း တစ်ထောင်အထိဆိုရင်(၂၀%)ကောက်ခံတယ်လို့သိရှိခဲ့ရပါတယ်။သိန်းတစ်ထောင်တစ်ကျပ်ကနေ အထက်ဆိုရင်(၂၅%) ကောက်ခံတယ်လို့မနေ့က တက်ရောက်ကိုယ်စားလှယ်များလည်းကြား သိခဲ့ရပါ တယ်။အခုဆိုင်ကယ်ရဲ့ဒဏ်ကြေးတန်ဖိုးကိုသတ်မှတ်တဲ့ အချိန်မှာ(၄)ပုံ(၁)ပုံဆိုတာ(၂၅%)ဖြစ်နေတယ်။ ပြည်ထောင်စုအစိုးရရဲ့ ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ သတ်မှတ်တဲ့မူတွေနဲ့နဲနဲကွဲလွဲနေပါတယ်။(၂၅%) ကောက်မယ်ဆိုရင်သူ့ရဲ့တန်ဖိုးကကျပ်သိန်းတစ် ထောင်တစ်ကျပ်ရဲ့အထက်မှာရှိမှသာ ဒဏ်ကြေးအဖြစ် သတ်မှတ်ရမှာ ဖြစ်ပါတယ်။အခုဆိုင်ကယ်တွေရဲ့ ဆိုင်ကယ်တန်ဖိုးဟာကျပ်(၁၀) သိန်းဝန်းကျင်ပဲရှိပါတယ်။ ဒါကို(၂၅%)ကောက်ခံတယ်ဆိုတော့ နဲနဲတော့များသွားပြီလို့ ယူဆပါတယ်။ဒါကကဆကလလို့ ညွှန်ချုပ် ကြီးပြောသလို ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်နေတဲ့ ပြည်သူတွေကို ပြန်ကြည့်တဲ့အခါမှာ ပြည်သူတွေက ငွေပေါလို့ ဆိုင်ကယ်ဝယ်စီး နေတာမဟုတ်ပါဘူး။တောင်တက်တောင်ဆင်းဖြစ်တဲ့ ရှမ်းပြည်နယ်ရဲ့ မြေအနေ အထားအရကော၊ လမ်းခရီးကြမ်းတမ်းခြင်းအရကော၊ ပြည်သူများအနေနှင့် လိုအပ်ချက်အရသာ ရှိစုမဲ့စုဖြင့် ဆိုင်ကယ်များ ဝယ်ယူအသုံးပြုနေရခြင်းဖြစ်ပါတယ်။ အဆိုရှင်၏ အဆိုအရ တစ်မြို့နယ်လုံးမှာမှ ဆိုင်ကယ်စီးရေ(၂၂)စီးသာ လာရောက်မှတ်ပုံတင်တာကို ကြည့်ခြင်းအားဖြင့်ပြည်သူများသည် အဆိုပါ ဒဏ်ကြေးပါ လိုင်စင်ကြေးနှုန်းထားကို ပေးဆောင်နိုင်စွမ်း မရှိတာကိုတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအစိုးရ၏ ရည်ရွယ်ချက်ကိုပြန် လေ့လာပါက မော်တော်ဆိုင်ကယ်များကို ဥပဒေနှင့်အညီဖြစ်စေခြင်းက အဓိကလား၊ သို့မဟုတ် နိုင်ငံတော်အခွန်ငွေရရှိစေခြင်းက အဓိကလား ဆိုတာဆန်းစစ်စရာဖြစ်လာပါတယ်။ ပြည်သူများက ရွေးကောက် တင်မြှောက်သည့် အစိုးရဖြစ်သည့်အတွက် ပြည်သူများ အသုံးပြုသော မော်တော်ဆိုင်ကယ်ကိုဥပဒေနှင့်အညီဖြစ်စေခြင်းကို ဦးစားပေးဆောင်ရွက် ရမှာဖြစ်ပါတယ်။ ဒါမှသာပြည်သူများကို ကြည့်ရှုစောင့်ရှောက်သော အစိုးရကောင်းဖြစ်လာမှာဖြစ်ပါတယ်။ အခွန်ရရှိမှုတစ်ခုတည်းကြည့်ပြီး လုပ်ဆောင်ပါက ပြည်သူမျက်နှာမမူတဲ့ အစိုးရသာ ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် ပြည်သူများကို ကြည့်သောအစိုးရဖြစ်စေရန်၊ ပြည်သူတို့အပေါ်ဖြစ်စေမည့် ဝန်ထုပ်ဝန်ပိုးဖြစ်စေ မည့်ကိစ္စကို ဖယ်ရှားပေးဖို့လိုပါတယ်။ ဒါမှသာ အစိုးရမှ ချမှတ်ထားသော မူဝါဒများကို ပြည်သူများမှ ပူးပေါင်း လာကြမှာဖြစ်ပါတယ်။ ဒါကြောင့် သတ်မှတ်ဒဏ်ကြေးကို လျှော့ချပြီး မော်တော်ဆိုင်ကယ်များအား ဒေသ အမှတ်သင်္ကေတ လိုင်စင်ပြုလုပ်ပေးသင့်ပါတယ်။ ဒါမှသာ ပြည်သူများကလည်း လက်လှမ်းမီသည့်အတွက် မိမိတို့ထံရှိသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ကို လာရောက်မှတ်ပုံတင်မှာဖြစ်ပါတယ်။ဒါမှသာ နိုင်ငံတော် မှလည်း ထိုက်သင့်သည့် အခွန်အခရရှိပြီး နှစ်ဦးနှစ်ဘက်အကျိုးရှိမှာ ဖြစ်ပါတယ်။

ထို့ကြောင့် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော " ရှမ်းပြည်နယ် အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော် ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင် ပြုလုပ်ရာတွင် ပေးဆောင်ရမည့်လိုင်စင်ကြေးနှုန်း ထားများအားလျှော့ချပေးရန် တိုက်တွန်းကြောင်း" အဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ဦးခိုင်ညီညီကျော်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်သော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းသော "ရှမ်းပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော် ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့်လိုင်စင်ကြေး နှုန်းထားများအား လျှော့ချပေးရန် တိုက်တွန်းခြင်း "အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးမြို့၏ မှတ်ပုံတင်မဲ့မော်တော် ဆိုင်ကယ်များအား သတ်မှတ်ဒဏ်ကြေးပေးဆောင်၍ စိစစ်အရေးယူခြင်း စီမံချက်နိဒါန်းတွင် ပိုင်ရှင်ဆန္ဒအရ မှတ်ပုံတင်လိုသည့် မော်တော်ဆိုင်ကယ်များအား သတ်မှတ်ဒဏ်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပေးမည် ဟုဖော်ပြထားသည့်အတွက်ရှမ်းပြည်နယ်အတွင်း ပြည်သူများသုံးစွဲလျက်ရှိသော မော်တော်ဆိုင်ကယ်ပိုင်ရှင် များသည် အမှန်တကယ်တရားဝင်မှတ်ပုံတင်ပြုလုပ်လာနိုင်စေရန် စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ရည်မှန်းချက်တွင်လည်း တရားဝင်မှတ်ပုံတင်ယာဉ်အဖြစ် ဆောင်ရွက်ပေးခြင်းဖြင့် ဥပဒေနှင့်အညီ ဖြစ်စေခြင်း၊ နိုင်ငံတော်အခွန်ငွေများရရှိစေရန် ရည်ရွယ်ထားသဖြင့် အများသူငါအသုံးပြုနေသော မော်တော်ဆိုင်ကယ်များ အားလုံးသည် မှတ်ပုံတင်ပြုလုပ်ရာတွင် သက်သာသောနှုန်းထား၊ အများတတ်နိုင်သောနှုန်းထားဖြစ်မှသာလျှင် ပြည်သူအားလုံး လိုင်စင်ပြုလုပ်လာပြီး နိုင်ငံတော်အခွန်ငွေ ပိုမိုရရှိစေမည့်အပြင် ဥပဒေနှင့်အညီလည်းဖြစ်စေ နိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ခေတ်တွင် မော်တော်ဆိုင်ကယ်အများအပြား ဝင်ရောက်လျက်ရှိပြီး အိမ်တိုင်းတွင်လည်း မရှိမဖြစ်ပစ္စည်းအနေဖြင့် သုံးစွဲလာသည်ကို တွေ့ရှိရပါတယ်။ ၎င်းဆိုင်ကယ်များထဲမှ မှတ်ပုံတင်ထားသောဆိုင်ကယ်များမှာ အနည်းစုဖြစ်ပြီးအများစုမှာ ကျေးလက်နေပြည်သူများ လက်ဝယ် တွင်ရှိ၍ မှတ်ပုံတင်မဲ့ဆိုင်ကယ်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ဖြစ်ရခြင်းမှာ တရားမဝင်ကုန်စည် စီးဆင်းမှုကို မထိန်းချုပ်နိုင်ခြင်းနှင့် ပြည်တွင်းဝယ်လိုအားများခြင်းကြောင့်လည်းဖြစ်ပါတယ်။ ပြည်သူများက တော့မိမိတို့၏ သွားလာရေးအဆင်ပြေလွယ်ကူစေရန်အတွက်ဈေးနှုန်း သက်သာသောလိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကိုဝယ်ယူအသုံးပြုနေအုံးမှာ ဖြစ်ပါတယ်။အစိုးရအနေဖြင့် နိုင်ငံတော်အခွန်ငွေရရှိ

အောင်ကြိုးစားဆောင်ရွက်ရမှာဖြစ်သလိုပြည်သူများဘက်ကလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများဖြစ်ဖို့ လိုအပ်ပါတယ်။ လူတိုင်းပေးဆောင်နိုင်သောနှုန်းထားဖြစ်ပါက မြို့ပြနှင့်ကျေးလက်ပါမကျန် မော်တော်ဆိုင်ကယ်များအားလုံးကို တရားဝင်မှတ်ပုံတင်ယာဉ်ဖြစ်အောင် စည်းရုံးရာမှာ ပိုမိုလွယ်ကူသလို နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိလာစေနိုင်ပြီး ဥပဒေနှင့်လည်းညီညွတ်လာစေမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်မော်တော်ဆိုင်ကယ်များကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပေါ်ရာတွင် မှတ်ပုံတင်မရှိခြင်းကြောင့် အငြင်းပွားဖွယ်ရာကိစ္စရပ်များပြစ်မှုကျူးလွန်သည့် ယာဉ်ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ရာမှာ အခက်အခဲဖြစ်ပေါ်နေမှုများကိုလည်း ကြားသိရပါတယ်။ ပြည်သူများအကြားတွင် မော်တော်ဆိုင်ကယ်မှတ်ပုံတင်မရှိသည့်ကိစ္စအား ထဲထဲဝင်ဝင်လေ့လာကြည့်ရာအများစုမှာ ဥပဒေနှင့်မညီညွတ်သော လက်တစ်လုံးခြားလုပ်လိုခြင်း အလျဉ်းမရှိသည်ကိုတွေ့ရှိရပြီး လိုင်စင်ပြုလုပ်ခတန်ဖိုးမှာ ကြီးမြင့်နေသည့်အတွက် ဆင်ဖိုးထက် ချွန်းဖိုးပိုကြီးနေကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ရေးဆွဲထားသောဒဏ်ကြေးတွင် ၂၀၁၆ ခုနှစ် မော်ဒယ်၊ တရုတ်နိုင်ငံလုပ်အင်ဂျင်ပါဝါ (၁၂၅) CC အားသတ်မှတ်ဒေသပေါက်ဈေးကျပ်(၂၂၀၀၀၀) ပတ်ဝန်းကျင်သတ်မှတ်ထားသည်ကို တွေ့ရှိရပါတယ်။ ၎င်းအပေါ်(၅၀%) ဒဏ်ကြေးသတ်မှတ်ထားသည့်အတွက် ကျပ်(၁၁၀၀၀၀)ကျော်ခန့် ကုန်ကျသည့်အပြင် မှတ်ပုံတင်အခွန်အခကောက်ခံခြင်းအတွက် ကျပ်(၃၀၉၀၀)၊ မှတ်ပုံတင်လိုအပ်ချက်များ ကောက်ခံခြင်းအတွက် ကျပ်(၁၆၀၀)၊ အာမခံလုပ်ငန်းကောက်ခံခြင်းအတွက် ကျပ်(၄၁၅၀)၊ မြန်မာ့စီးပွားရေးဘဏ်မှ ကောက်ခံခြင်း ကျပ်(၇၀၀)နှင့် ပေါင်းလိုက် မည်ဆိုပါက ကျပ်(၁၅၀၀၀၀)ခန့်သည် ဆိုင်ကယ်အဟောင်းဖြစ်စေ၊ ဆိုင်ကယ်အသစ်ဖြစ်စေ မလွဲမသွေကုန်ကျမည်ကို စိစစ်တွေ့ရှိရပါတယ်။ မော်တော်ဆိုင်ကယ်အသစ်များအတွက် လိုင်စင်ပြုလုပ်ရာ တွင်ကျပ်(၁၅၀၀၀၀)ခန့်ကုန်ကျသည်မှာမများသော်လည်း ကျေးလက်နေပြည်သူများ လက်ဝယ်တွင်ရှိနေသော တစ်ပတ်ရစ်ဆိုင်ကယ် အဟောင်းများအားလိုင်စင်ပြုလုပ်ရန်မှာ ကုန်ကျစရိတ်မြင့်မားသည့်အတွက်ကြီးမားလှသော စိန်ခေါ်မှုတစ်ခု ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရည်ရွယ်ချက်နိဂုံးတွင်ပါရှိသော တရားမဝင်မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအသုံးပြုနေခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်းအများပြည်သူသိရှိစေပြီး သုံးစွဲမှုများ လျော့နည်းလာ၍ လုံးဝပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်လိုပါက ယခုသတ်မှတ်ထားသော ဒဏ်ကြေး (၅၀%)အစား(၂၅%)သို့ ပြောင်းလဲကောက်ခံမည်ဆိုပါက အင်မတန်သင့်လျော်၍ ပြည်သူများလက်ခံလာနိုင်သည့်အပြင်ဌာန၏ ရည်ရွယ်ချက်များလည်းအကောင်အထည်ပေါ်မည်ဖြစ်ပြီး တိုင်းပြည်ဘဏ္ဍာငွေပါ တိုးတက်လာနိုင်မည်ဟု ယူဆမိပါကြောင်း အကြံပြုဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့

မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၏ "ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင် ပေးဆောင်ရမည့် လိုင်စင်ကြေးနှုန်းထားများ လျှော့ချပေးရန် တိုက်တွန်းကြောင်း" အဆိုကို အပြုသဘောဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးမြို့၏ မှတ်ပုံတင်မဲ့မော်တော် ဆိုင်ကယ်များအား ပိုင်ရှင်ဆန္ဒအရ သတ်မှတ်ဒဏ်ကြေးပေးဆောင်၍ စိစစ်အရေးယူခြင်း စီမံချက်၏ရည်မှန်းချက်မှာ အလွန်တရာမှ ကောင်းမွန်လှပါတယ်။ ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် ဥပဒေနှင့်အညီ ဖြစ်စေခြင်း၊ နိုင်ငံတော်မှ အခွန်ငွေများရရှိစေခြင်း၊ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ လျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများရရှိမှာ မလွဲမသွေဖြစ်သောကြောင့် အလွန်ကောင်းပါတယ်။

လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တောင်ပေါ်နေပြည်သူလူထုများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် သွားလာရေးအဆင်ပြေစေရန်အတွက်လည်းကောင်း၊ ကျန်းမာရေးအခက်အခဲတွေ့ကြုံသောအခါ ဆေးရုံ၊ ဆေးခန်းများသို့ လျင်မြန်စွာသွားနိုင်ရန်အတွက်လည်းကောင်းစသည့် အကြောင်းများကြောင့် မော်တော်ဆိုင်ကယ်ကို မဖြစ်မနေဝယ်ယူရပါတယ်။ တောင်ပေါ်လမ်းများမှာ ကတ္တရာလမ်းအလွန်နည်းသောကြောင့်(၂)နှစ်(၃)နှစ်ကြာလျှင် ယိုယွင်းပျက်စီးလာပါတယ်။ တစ်ချို့လည်း အသစ်မဝယ်နိုင်သောကြောင့် တစ်ပတ်ရစ်မော်တော်ဆိုင်ကယ်များကိုသာ ဝယ်စီးသူလည်းရှိပါတယ်။ သို့ပါသောကြောင့် ဆိုင်ကယ်အသစ်နှင့်အဟောင်းလိုင်စင်ကြေးတူနေခြင်းသည် မသင့်ဟု ကျွန်တော့်အနေဖြင့်ယူဆပါတယ်။ ဆိုင်ကယ်ထုတ်လုပ်သောနှစ်အလိုက်ခွဲခြား၍ အခွန်စျေးနှုန်းကို သတ်မှတ်သင့်ပါတယ်။ စျေးနှုန်းမြင့်ပြီး မော်တော်ဆိုင်ကယ်အသစ်နှင့် အဟောင်းအခွန်စျေးနှုန်းတူနေပါက ပိုင်ရှင်များကလာမသွင်းသောအခါ နိုင်ငံတော်မှအခွန်အခနည်းနိုင်ပါတယ်။ မော်တော်ဆိုင်ကယ်အသစ်များအတွက်လည်း ပညာပေးနှစ်အဖြစ် အတတ်နိုင်ဆုံး အခွန်လျှော့ချခြင်း၊ နောင်နှစ်များမှသာ ပုံမှန်အခွန်နှုန်းထားသတ်မှတ်ပါက ပိုကောင်းမည်ဟုကျွန်တော့်အနေနဲ့ အပြုသဘောဖြင့် အကြံပြုတိုက်တွန်း ဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးတဲ့နေရာမှာ (၁)ဦးက ထောက်ခံဆွေးနွေးပြီး၊ (၁)ဦးက အကြံပြုဆွေးနွေးထားရှိသလို၊ နောက်(၁)ဦးကလည်းပဲ အပြုသဘောဆောင်ပြီး ဆွေးနွေးတာရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅ (င)အရ သက်ဆိုင်ရာဝန်ကြီးကနေပြီးတော့မှ ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းလာတဲ့ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်း ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော်ဦးခွန်ရဲထွေးမှဆွေးနွေးရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ အဆိုကတော့ "ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသအမှတ်သင်္ကေတဖြင့် ယာဉ်မှတ်ပုံတင်ပြုလုပ်ရာတွင်ပေးဆောင်ရမည့်လိုင်စင် ကြေးနှုန်းထားများအား လျှော့ချပေးရန် တိုက်တွန်းကြောင်း" အဆို ဖြစ်ပါတယ်ခင်ဗျား။ အဆိုမှာတော့ အကြံပြုချက်(၃)ချက်ပါရှိပြီး

(၁) သတ်မှတ်ပေးဆောင်ရသည့် နှုန်းထားများကို ကျပ်(၅၀၀၀၀) ထက်မပိုစေရေး၊

(၂) နယ်စပ်များတွင်လိုင်စင်ပြုလုပ်ပြီးမှ ပြည်နယ်အတွင်း ဝင်ခွင့်ပေးခြင်း၊

(၃) ရှမ်းပြည်နယ်အတွင်းအရောင်းဆိုင်များမှ လိုင်စင်ပြုလုပ်ပြီးမှရောင်းချစေခြင်းတို့သိရှိရမှာ ဖြစ်ပါတယ်။

အဆိုရဲ့ နိဂုံးပိုင်းမှာလည်း လိုင်စင်များပြုလုပ်ပေးရာတွင် ယခင်မြင့်မားသောနှုန်းထားမှ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေပဲ နှုန်းထားဖြစ်သည့်(၅၀၀၀၀)ကျပ်ထက်မပိုသောနှုန်းထား သို့မဟုတ် နှုန်းထားများအားသိသိသာသာလျှော့ချပေးခြင်းဖြင့် မော်တော်ဆိုင်ကယ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးပို့ဖော်ပြပါ ရှိပါတယ်။ဒါနဲ့ ပတ်သက်ပြီးတော့ အဆိုတင်သွင်းသူများရော၊ ထောက်ခံဆွေးနွေးသူများကိုရော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများကို များစွာကျေးဇူးတင်ရှိကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

ပထမဦးစွာ ကျွန်တော့်အနေနဲ့ ပို့ကုန်သွင်းကုန်ဥပဒေနှင့် မော်တော်ယာဉ်ဥပဒေတို့မှ ယခုအဆိုနဲ့ သက်ဆိုင်တဲ့ အချက်အလက်အချို့ကို အကျဉ်းဖော်ပြလိုပါတယ်။ ကျွန်တော်တို့ ဝင်ငွေခွန်နှင့် ပတ်သက်ခြင်းမရှိပါဘူး။ ပြည်ပတင်သွင်းလာတဲ့မော် တော်ဆိုင်ကယ်တိုင်းလိုက်နာရမှာ ဖြစ်ပါတယ်။ ကုန်ပစ္စည်းတင်သွင်းခြင်းနှင့်ပတ်သက်လို့ ၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် ပြဋ္ဌာန်းထားတဲ့ ပို့ကုန်ဥပဒေမှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်-

(၁) **ပုဒ်မ၆။** မည်သူမျှ ခွင့်ပြုချက်ရယူရန်သတ်မှတ် ထားသောကုန်ပစ္စည်းများကို ခွင့်ပြုချက်ရယူခြင်း မရှိပဲတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရပါ။

(၂) **ပုဒ်မ(၈)။** မည်သူမဆို ပုဒ်မ(၆)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရပါကထိုသူအား(၃)နှစ်ထက်မပိုသောထောင် ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေချမှတ်ရမည်ဟု ဖော်ပြထားရှိပါတယ်။

မော်တော်ယာဉ်ဥပဒေ အခန်း(၉)၊ ပုဒ်မ ၄၅မှာ မည်သူမျှ အောက်ပါအခြေအနေတစ်ရပ်ရပ်၌ မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်းမပြုရဟု ဖော်ပြထားရာမှာ အကျုံးဝင်တဲ့ အခြေအနေ(၃)ရပ်ပါရှိပါတယ်။ အခြေအနေ(၃)ရပ်မှာတော့ ပုဒ်မ ၄၅(က)မှာမော်တော်ယာဉ်ကိုမှတ်ပုံတင်ထားမှုမရှိခြင်းလို့ပြဋ္ဌာန်းထားတဲ့အတွက် အများပြည်သူဆိုင်ရာနေရာမှာ မောင်းနှင်တဲ့မော်တော် ဆိုင်ကယ်တိုင်းသည်မှတ်ပုံတင်ဖို့လိုအပ်ပါတယ်ခင်ဗျားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်များခင်ဗျား။ ဆက်လက်၍ ပြည်ပမှတင်သွင်းလာတဲ့မော်တော်ဆိုင်ကယ်တစ်စီးတရားဝင်မှတ်ပုံတင်ပေးရာမှာ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း အကျဉ်းမျှတင်ပြလိုပါတယ်။ ဒီလုပ်ငန်းတွေကတော့ ပထမဦးစွာ ကုန်သွယ်ရေးဦးစီးဌာနမှာသွင်းကုန်လိုင်စင် Import Licence လိုင်စင် လျှောက်ထားရပါတယ်။ဆက်လက်ပြီးတော့ အကောက်ခွန်ဦးစီးဌာနမှာ သွင်းကုန်ကြေညာလွှာ(Import Declaration) ဆောင်ရွက်ရပါတယ်။အကောက်ခွန်ဦးစီးဌာနမှာ စစ်ဆေးပြီးတော့မှ အကောက် ခွန် (Custom Duty)နှင့် ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ကောက်ခံပြီးအကောက်ခွန်စစ်ဆေးတွေ့ရှိချက်မှတ်တမ်း(Custom Statement)ကိုထုတ်ပေးပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ Custom Statement များစစ်ဆေးပြီး ကနဦးမှတ်ပုံတင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ခရိုင်ကြီးများသို့ချပေးပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့ခရိုင်ရုံး များမှာ ကနဦးမှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် ရပါတယ်။ တင်ပြခဲ့လုပ်ငန်းစဉ်များအတိုင်း မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ခြင်းများဆောင်ရွက်ခဲ့ပေမဲ့ တရားမဝင် ရောက်ရှိလာတဲ့ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်အများအပြားရှိ နေခြင်းကြောင့် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်တွေကို သတ်မှတ် စည်းကမ်းဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ရေး၊ မြို့ပြနှင့်ကျေးလက်နေပြည်သူများသွားလာမှု အဆင်ပြေစနစ်တကျရှိစေရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတိုးတက်မှုဖြစ်ပေါ်ရန် ရည်ရွယ်ချက်ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး(One Stop Service) အစီအစဉ်ဖြင့် ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ်ထိ (၉)ကြိမ်တိုင်တိုင် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ရာမှာ မော်တော်ဆိုင်ကယ်အစီးရေ ရှမ်းပြည်နယ်အတွင်းမှာ (၄၉၃၂၈၇)စီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာ (၃၂၈၄၉၁၇)စီး မှတ်ပုံတင်ပေးခဲ့ပါတယ်။

ယင်းသို့ဆောင်ရွက်ရာမှာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီးအတွက် စည်းကြပ်တန်ဖိုး(Assess Value)ရဲ့ (၅%)ကို အကောက်ခွန်အဖြစ်လည်းကောင်း၊ (၅%)ကိုတော့ ကုန်သွယ်လုပ်ငန်းခွန်အဖြစ်လည်းကောင်း ကောက်ခံခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ တရားမဝင်ရောက်ရှိလာတဲ့ မော်တော်ဆိုင်ကယ်တွေအတွက် (One Stop Service)ဖြင့် စနစ်ဖြင့်ဆောင်ရွက်တဲ့ကာလ ကုန်ဆုံးပြီးတဲ့နောက်မှာ ကျန်ရှိနေသေးတဲ့လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် သို့မဟုတ် ထပ်မံ၍ တရားမဝင်ရောက်ရှိလာတဲ့ မော်တော်ဆိုင်ကယ်များကို စိစစ်တွေ့ရှိရပါက အောက်ပါအတိုင်းဆောင်ရွက်ရန် (၁၅- ၉- ၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၂၃၂၂/ ၃၄၄- တရားမဝင် ၁-၇/ အဖရ (၂၀၁၄) ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားထားပါတယ်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့က တိုက်ရိုက်တာဝန်ယူကြီးကြပ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(၁) ဒေသပေါက်ဈေး၏(၅၀%)သို့မဟုတ် (၅၀%)အောက်မလျှော့ဘဲဒဏ်ငွေကိုသတ်မှတ်ကောက်ခံရမည်။

(၂) ကောက်ခံသည့်ဒဏ်ကြေးငွေ ပေးသွင်းခြင်းမပြု ပါကပို့ကုန်/သွင်းကုန်ဥပဒေအရသက်ဆိုင်ရာတရားရုံးတွင်တရားစွဲဆိုပြီး သက်သေခံပစ္စည်းများဖြစ်သော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီလေလံတင်ရောင်းချရမည်။

(၃) လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ကို အထက် အပိုဒ်များနှင့်အညီ ဆောင်ရွက်ပြီးမှ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် အောက်ပါအခကြေးငွေကောက်ခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် နယ်နိမိတ်အတွင်း၌သာ သွားလာနိုင်ရေးအတွက် သီးခြားဆိုင်ကယ်နံပါတ်သတ်မှတ်ပြီး မှတ်ပုံတင်ဆောင်ရွက်ပေးရပါမည်။ အခကြေး ငွေများကတော့ အထူးစစ်ဆေးခကျပ်(၅၀၀၀)၊ ကနဦးမှတ်ပုံတင်ခကျပ်(၁၅၀၀၀)၊ ယာဉ်စစ်ဆေးခ ကျပ်(၅၀၀၀)ပါရှိပါတယ်။ (ကမ-၃) အဝိုင်း၊ ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်၊ ရောင်ပြန်စတစ်ကာကျပ် (၉၀၀) ကျသင့်ပါတယ်။ ဖောင်းကြွနံပါတ်ပြား ကျပ်(၅၀၀၀) စုစုပေါင်း(၃၀၉၀၀)ကျပ် ဖြစ်ပါတယ်။

(ခ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့တို့သည်ကောက်ခံရရှိသော ဒဏ်ငွေ၏ (၅၀%)တို့ကို ပြည်ထောင်စုဘဏ္ဍာ ငွေသို့ပေးသွင်းပြီး ကျန်ဒဏ်ကြေးငွေများကို သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့သည် သက်ဆိုင်ရာနယ်မြေအတွင်းခွင့်ပြုသည့်မော်တော်ဆိုင်ကယ်အရေအတွက်ကို လိုအပ်သလိုထိန်းချုပ်ကန့်သတ်ရမည်စသည်ဖြင့် ပြည်ထောင်စုအစိုးရရုံးရဲ့ ညွှန်ကြားထားချက်ရှိပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်အတွင်းမှာ တရားမဝင်ရောက်ရှိလာတဲ့ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုဖြင့် ပထမအဆင့်အဖြစ် စီမံချက်အနေနဲ့သတ်မှတ်ဒဏ်ကြေးကောက်ခံ၍မှတ်ပုံတင်ပေးခြင်းကို(၁-၃-၂၀၁၇)မှ (၇-၆-၂၀၁၇) ရက်နေ့အထိ ဆောင်ရွက်ပေးခဲ့ရာမှာ စီးရေ(၆၃၃၇)စီး၊ ဒဏ်ကြေး ငွေကျပ်(၁၅၆၈. ၅၀၇)သန်းရရှိခဲ့ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ဆက်လက်ပြီးကျန်ရှိနေတဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးခြင်းကို(၁-၉-၂၀၁၇)ရက်နေ့မှ စတင်ပြီးတော့ ဆက်လက် ဆောင်ရွက်ခဲ့ပါတယ်။ (၂၄-၁၁-၂၀၁၇)ရက်နေ့ထိ စီးရေ (၁၁၄၃)စီး၊ဒဏ်ကြေးငွေကျပ်(၂၂၄. ၂၄၂)သန်းရရှိခဲ့ပြီးဖြစ်ပါတယ်။

ထိုသို့မှတ်ပုံတင်ပေးပြီး လုပ်ငန်းဆောင်ရွက်ရာမှာ တရားမဝင်တင်သွင်းလာတဲ့ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်အတွက်ဒဏ်ကြေးနဲ့ပတ်သက်လို့ညွှန်ကြားချက်အရတော့ ဒေသပေါက်ဈေး (၅၀%)သို့မဟုတ်(၅၀%)အောက်မလျော့သော တန်ဖိုးကိုဒဏ်ကြေးအဖြစ် သတ်မှတ်ကောက်ခံရမှာ ဖြစ်ပါတယ်။ ဒေသပေါက်ဈေး သတ်မှတ်ရာမှာအကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ထားတဲ့စည်းကြပ် တန်ဖိုးကိုအခြေခံရပေမယ့် ဒဏ်ကြေးအတွက်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အလို့ငှာစည်းကြပ်တန်ဖိုးရဲ့ (၅၀%)မျှကိုသာဒေသပေါက်ဈေးအဖြစ် သို့လျှော့ချသတ်မှတ်ပေးခဲ့ပြီး ထိုလျှော့ချပေးခဲ့တဲ့ဒေသ ပေါက်ဈေးရဲ့ (၅၀%)ကိုသာ သတ်မှတ်ချက်အရ ဒဏ်ကြေးသတ်မှတ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ မှတ်ပုံတင်ပေးခြင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ မဖြစ်မနေကုန်ကျရမယ့် ဝန်ဆောင်ခနဲ့ပစ္စည်း တန်ဖိုးများကို အနည်းငယ်ဆက်လက်တင်ပြလိုပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးဘဏ်ဌာနတို့အတွက် ဖြစ်ပါတယ်။ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးဦးစီးဌာနမှာ အထူးစစ်ဆေးခကျပ်(၅၀၀၀)၊ ကနဦးမှတ်ပုံတင်ခကျပ်(၁၅၀၀၀)၊ ယာဉ်စစ်ဆေးခ ကျပ်(၅၀၀၀)၊ ယာဉ်မှတ်ပုံတင်စာအုပ်၊ယာဉ်သက်သေခံအဝိုင်း၊ ဟိုလိုဂရမ်အတွက် ကျပ်(၉၀၀)၊ဖောင်းကြွ နံပါတ်ပြားတစ်စုံ ကျပ်(၅၀၀၀)၊ ရှေ့/ဘယ်/ညာ ခါတ်ပုံဖိုး(၁၅၀၀)၊ ပလတ်စတစ်လောင်းခ ကျပ်(၂၀၀)၊ စုစုပေါင်းလုပ်ငန်းအတွက် ကျပ်(၃၂၆၀၀)ဖြစ် ပါတယ်။ မြန်မာ့အာမခံလုပ်ငန်းအတွက်ကတော့ သူတစ်ပါးထိခိုက်မှုအတွက် ကျပ်(၄၀၀၀)၊ အာမခံစာအုပ်အတွက် ကျပ်(၁၅၀)၊ စုစုပေါင်းကျပ်(၄၁၅၀) ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေကတော့ ဘဏ်ဆောင်ရွက်ခကျပ်(၅၀၀)၊ ချလန်အတွက်ကျပ် (၂၀၀)၊ ပေါင်းကျပ်(၇၀၀) ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် သက်ဆိုင်ရာဌာန(၃)ခုမှာ စုစုပေါင်းကျပ်(၃၇၄၅၀) သည် မဖြစ်မနေ ကုန်ကျရမည်ဖြစ်ပြီးတော့ ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ အင်ဂျင်ပါဝါအရ ခွဲခြားထားတဲ့စည်းကြပ်တန်ဖိုး၊ ဒေသပေါက်ဈေးတို့အရ သတ်မှတ်ဒဏ်ကြေးနှင့်ပေါင်းစပ်တဲ့ တန်ဖိုးဟာ ဥပဒေနှင့်အညီဆောင်ရွက်ရန် မော်တော်ဆိုင်ကယ်ပိုင်ရှင်များကျခံရမယ့် တန်ဖိုးဖြစ်ပါတယ်ခင်ဗျား။ ဝင်ငွေခွန်များအပေါ် စည်းကြပ်ခြင်းမဟုတ်ပါ။

မှတ်ပုံတင်ပေးခြင်းလုပ်ငန်းစဉ် ကုန်ကျစရိတ်များနှင့် ပတ်သက်ပြီးတော့ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဥပဒေပုဒ်မ ၄၁ (ခ) အရ လည်းကောင်း၊ အာမခံလုပ်ငန်းသည် မြန်မာ့အာမခံ ဥပဒေပုဒ်မ ၁၅ အရ လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်သည် ရုံးချုပ်၏ (၁၇-၇-၂၀၁၇) ရက်စွဲပါစာ ညွှန်ကြားချက်အမှတ်- ၃၉၀အရ လည်းကောင်း ကောက်ခံခြင်း ဖြစ်ပြီးလျှော့ပေါ့ပေး၍မရနိုင်ပါဘူး။ ထို့အတူဒဏ်ကြေးမှာစည်းကြပ် တန်ဖိုးသည်အကောက်ခွန်ရုံးချုပ်မှ စည်းကြပ်တန်ဖိုးဖြစ်ပြီး ပြည်ထောင်စု အစိုးရရုံးရဲ့ ညွှန်ကြားချက်ပဲဖြစ်ပါတယ်။ သို့သော်ဒေသပေါက်ဈေးကတော့ စည်းကြပ်တန်ဖိုးအရ ပြည်နယ် အစိုးရအဖွဲ့ရဲ့ သတ်မှတ်ချက်ဖြစ်တဲ့အတွက်ကြောင့် ယခင်ထဲက (၅၀%)လျော့နည်းသက်သာရေးအတွက်ကို ဆောင်ရွက်ပေးခဲ့တဲ့ နည်းတူထပ်မံပြီးတော့ ပြည်သူလူထုဝန်ထုပ် ဝန်ပိုးမဖြစ်သော ထိုက်သင့်သည့် နှုန်းထား ဖြစ်ဖို့အတွက်ကို လျှော့ချပေးနိုင်ရေး သုံးသပ်ညှိနှိုင်း စီမံဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဒုတိယအကြံပြုချက်ဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းသို့ ထပ်မံရောက်ရှိလာမည့် မော်တော်ဆိုင်ကယ်များကို နယ်စပ်ဝင်ပေါက်များတွင်လိုင်စင်ပြုလုပ်ပြီးမှ ပြည်နယ်အတွင်း ဝင်ခွင့်ပေးခြင်းနှင့်ပတ်သက်လို့ တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာတဲ့ မော်တော်ဆိုင်ကယ်များအတွက် ကနဦးမှတ်ပုံတင်ရန်အတွက်တင်ပြလျှောက်ထားလာချိန်မှာ တင်ပြခဲ့ပြီးဖြစ်တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်တိုင်း ကနဦးမှတ်ပုံတင်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။ တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်လာခြင်းမရှိစေရေးကိုလည်း စီမံချက်များချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

တတိယအကြံပြုချက်ဖြစ်တဲ့ ရှမ်းပြည်နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်အရောင်းဆိုင်များအား မော်တော်ဆိုင်ကယ် လိုင်စင်ပြုလုပ်ပေးပြီးမှ ရောင်းချစေခြင်းနှင့်စပ်လျဉ်း၍ အရောင်းဆိုင်များတွင် တရားမဝင်ရောက်ရှိလာသည့် မော်တော်ဆိုင်ကယ်များအတွက် ဆိုင်ပိုင်ရှင်များအနေဖြင့် ဒေသအမှတ်ဖြင့် မှတ်ပုံတင် ပေးသည့်စီမံချက်အတိုင်း သတ်မှတ်ဒဏ်ကြေးပေးဆောင်၍ လိုင်စင်ပြုလုပ်ပေးပြီးမှ ရောင်းချစေခြင်းပြုလုပ်ပေးနိုင်ပါတယ်။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေအရ ပြည်ပမှတင်သွင်းလာတဲ့ ကုန်ပစ္စည်းပေါ်မှာ ခွင့်ပြုချက်ရယူခြင်း၊ သတ်မှတ်တဲ့အခွန်အခပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်သလို အများသူငါအသုံးပြုတဲ့ယာဉ်နဲ့ ပတ်သက်လို့လဲ မှတ်ပုံတင်ကြရမှာ ဖြစ်ပါတယ်။ မလွဲမသွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုမှာပါရှိသလိုပဲ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို သတ်မှတ်ဒဏ်ကြေးပေးပြီး ဒေသအမှတ်သင်္ကေတအဖြစ် မှတ်ပုံတင်ပြီး ဆောင်ရွက်ရာမှာ စီမံချက်ရဲ့ ရည်ရွယ်ချက်များဟာ ရှမ်းပြည်နယ်အတွင်း တရားမဝင်ရောက်ရှိနေသော မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား တရားဝင်မှတ်ပုံ တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ဥပဒေနှင့်အညီဖြစ်စေခြင်း၊ နိုင်ငံတော်အတွက် အခွန်များရရှိစေခြင်း၊ မှတ်ပုံတင်မဲ့ယာဉ်များ ပပျောက်စေခြင်းစသည့်ကောင်းမွန်တဲ့ ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုစဉ်ကပင် ဒဏ်ကြေးသည်မြင့်မားစေခြင်းမရှိစေရန်အတွက် အခြေခံရမယ့် စည်းကြပ်တန်ဖိုးအတိုင်း မဟုတ်ပဲ (၅၀%)ကို ဒေသပေါက်ဈေးနှုန်းအဖြစ် လျှော့ချပေးခဲ့ပြီးမှ ထိုဒေသပေါက်ဈေးရဲ့(၅၀%)ကိုသာဒဏ်ကြေးသတ်မှတ်ဆောင်ရွက် ပေးခဲ့တာဖြစ်ပါတယ်။ သို့ပါသော်လည်း မှတ်ပုံတင်ခြင်းဆောင်ရွက်ပေးရာမှာ လက်ရှိသတ်မှတ်ဆောင်ရွက်ပေးနေတဲ့ နှုန်းထားများဟာ မြင့်မားနေသေးကြောင်းမဲဆန္ဒရှင်ကိုယ်စားပြုတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ဆွေးနွေးအဆိုပြုလာခြင်းအပေါ်မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ သတ်မှတ်ထားတဲ့နှုန်းထားများကို ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်တဲ့၊ တစ်ဘက်ကလည်း စီမံချက်ရဲ့ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေပြည့်ဝပြီး လုပ်ထုံးလုပ်နည်း၊ဥပဒေများနှင့်အညီ ထိုက်သင့်လျော်ကန်တဲ့နှုန်းထားများဖြစ်အောင် လျှော့ချသတ်မှတ်ပေးနိုင်ရေးအတွက်ပြန်လည်သုံးသပ်ညှိနှိုင်းစီမံဆောင်ရွက် သွားမှာဖြစ်တဲ့အတွက် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတင်သွင်းသော အဆိုအား မှတ်တမ်းတင်ပေးသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာဝန်ကြီးကနေပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစီအမံနဲ့ဌာနဆိုင်ရာရဲ့ ဥပဒေကို အကျယ်တဝင့် ဆွေးနွေးပြောကြားသွားခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အစိုးရအနေနဲ့လည်းပဲ သင့်တင့်လျောက်ပတ်သောနှုန်းထားများ ဖြစ်လာအောင် ဆောင်ရွက်ပေးမယ်ဆိုတဲ့အဖြေကို ရရှိတာဖြစ်ပါတယ်။ အဲ့တာကြောင့်မို့ ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်းအကြံပြုသွားပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅ (စ)(ဆ)အရ အဆိုတင်သွင်းသော ဒေါ်နန်းစမ်းစမ်းအေး နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဝန်ကြီးရှင်းလင်းချက်မှာ ပြည့်စုံပါတယ်။ ပြီးတော့ဈေးနှုန်းကိုလည်း လျှော့ချပေးမယ်လို့လဲ ပြောသွားပါတယ်။ ဒါပေမဲ့အဲ့ဒါဟာ မှတ်တမ်းတင်ခြင်းပဲဖြစ်တဲ့အတွက် ပြီးရင်လုပ်မှာလား၊ မလုပ်မှာလားဆိုတာ၊ အတည်ပြုပြီးသားအဆိုတွေတောင် ခုထိအကောင်အထည်ဖော်တာ မတွေ့ရသေးပါဘူး။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ခြင်းက ကတိကဝတ်မဖြစ်တဲ့အတွက် ပိုပြီးမှဝေးကွာသွားမယ်လို့ မြင်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ကတော့ထုံးစံအတိုင်းပဲ ဘယ်အဆိုကိုမဆို မှတ်တမ်းတင်ဖို့ပဲ တိုက်တွန်းတယ်လို့ ကျွန်မမြင်ပါတယ်။

ဒါပေမဲ့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ကလည်း အဆိုကိုအောင်မြင်ဖို့၊ ကတိကဝတ်ဖြစ်မြောက်ဖို့ ကျွန်မတို့ကလည်း ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရောက်ရှိလာတဲ့ဆိုင်ကယ်တိုင်းဟာ မှတ်ပုံတင်ဖို့အင်မတန်မှအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဆိုရှယ်မီဒီယာတွေမှာ တွေ့နေရပါတယ်။ နေ့တိုင်းဆိုင်ကယ်တိုက်မှုတွေ၊ ယာဉ်တိုက်မှုတွေ ဖြစ်နေတယ်။ ယာဉ်တိုက်မှုတွေအရေးယူမယ်ဆိုရင် နံပါတ်ပြားမရှိတဲ့အတွက်၊ လိုင်စင်မှတ်ပုံတင်ထားခြင်းမရှိတဲ့အတွက် အရေးယူဖို့လည်းခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ နံပါတ်မှတ်ပုံတင်ပြုလုပ်ဖို့ အရမ်းအရေးကြီးတယ်။ ဒီအခုအစိုးရရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ဥပဒေနှင့်အညီဖြစ်စေခြင်း (၃)ချက်ရှိပါတယ်။ အဲ့ဒီ(၃)ချက်မှာဆိုရင် ဥပဒေနှင့်အညီဖြစ်စေချင်တယ်ဆိုရင် မှတ်ပုံတင်မဲ့ယာဉ်များ လျော့နည်းပပျောက်သွားအောင် အရင်လုပ်ရမယ်လို့ ကျွန်မမြင်ပါတယ်။ မှတ်ပုံတင်မဲ့ယာဉ်များလျော့နည်းပပျောက်သွားမှသာ ဥပဒေနှင့်အညီ ဖြစ်လာမယ်။ ပြီးမှနိုင်ငံတော်အခွန်များ ရရှိစေလာပါမယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးဟာ လူထုကိုယ်စားလှယ်များဖြစ်တဲ့အတွက် လူထုများသက်သာချောင်ချိရေးကို ကြည့်ရှုရမဲ့အပြင် အစိုးရရဲ့ရည်မှန်းချက်များကို တစ်ဘက်တစ်လမ်းကနေ ဖြည့်ဆည်းနိုင်ဖို့အတွက်ကျွန်မတို့က လူထုဘက်ကနေ ရပ်တည်ရပါမယ်။ ဒါကြောင့်ကျွန်မ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူပါမယ်။ ကျွန်မရဲ့အဆိုကို ဝိုင်းဝန်းပြီးတော့ ဝန်းရံပေးဖို့လည်း လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ဟာ ယခင်တုန်းကတော့ သက်ဆိုင်ရာဝန်ကြီးတွေ အကြံပြုတဲ့အတိုင်း ကိုယ်စားလှယ်များက လိုက်နာဆောင်ရွက်သော်လည်း ယခုအခါ အဆင့်မြင့်လာပြီးတော့ မဲခွဲတဲ့အစီအစဉ်ကိုပဲ နှစ်သက်ပုံရပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့လွှတ်တော်အစည်းအဝေးသို့ လာရောက်

လေ့လာသော ကျောင်းသားများကို မေးလိုက်ပါတယ်။ လွှတ်တော်အစည်းအဝေးမှာ သမီးတို့၊ သားတို့ ဘယ်ဟာကို စိတ်အဝင်စားဆုံးဖြစ်သလဲလို့မေးတဲ့အခါမှာ မဲခွဲတဲ့ကဏ္ဍကို စိတ်ဝင် စားပါတယ်လို့ဆိုပါတယ်။ အခုလည်းအဲ့လို ဖြစ်နေပါပြီ။ မနေ့က အတိုင်းလိုပါပဲ၊ကျွန်တော်တို့မဲခွဲပါမယ်။ဒါပေမဲ့ မဲခွဲလို့နိုင်တိုင်းလည်း ဌာနဆိုင်ရာများရဲ့ အစီအမံနဲ့ လုပ်ထုံးလုပ်နည်းကိုသွားပြီးတော့ Control လုပ်ဖို့မဟုတ်ပါဘူး။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးက မှတ်တမ်းတင် သင့်ကြောင်း ပြန်လည်ဆွေးနွေးသွားပါတယ်။သို့သော် အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က ၎င်းရဲ့ အဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒခံယူလိုပါကြောင်းတင်ပြလာပါသဖြင့် အဆိုနှင့် စပ်လျဉ်း ပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ခုနှစ်၊ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်း ဥပဒေ၇၇(က)အရအစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီကနေ့ညနေပိုင်းမှာ အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ် များဟာ (၁၂၂)ဦးဖြစ်ပါတယ်။ ကျွန်တော်မပါ(၁၂၁)ဦးဖြစ်ပါတယ်။ ယခုအဆိုကို အတည်ပြုရန်သဘောတူ သည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။ အတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တတ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။

အဆိုကို အတည်ပြုရန်ထောက်ခံသူမတ်တတ်ရပ်ပြီးတော့ ဆန္ဒပြုသူဦးရေဟာ (၆၈)ဦးဖြစ်ပါတယ်။ အဲ့ဒီတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ဆိုရင် (၁၂၁)ယောက်ဖြစ်တဲ့အတွက် (၆၈)ဦးဆိုတာ တစ်ဝက် ကျော်သွားပြီဆိုတော့ ကျွန်တော်အနေနဲ့ကြားနေမမေးတော့ပါဘူး။ ကျန်တဲ့(၅၃)ဦးဟာ ကန့်ကွက်သူလည်း ပါသလို၊ ကြားနေလဲပါကောင်းပါနိုင်ပါတယ်။ ကြားနေမေးနေစရာမလိုတော့ပါဘူး။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် ထောက်ခံသူဦးရေသည် ကန့်ကွက်သူဦးရေထက် ပိုများ သဖြင့် ဒေါ်နန်းစမ်းစမ်းအေး တင်သွင်းတဲ့အဆိုအား အတည်ပြုကြောင်း ကြေညာပါတယ်။